## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ (၂၅-၆-၂၀၂၆)
## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဒေါ်နန်းတင်ဦး၊ ကျေးသီးမဲဆန္ဒနယ်က** ကျေးသီးနှင့်မိုင်းကိုင်မြို့နယ်များတွင် နိုင်ငံသားမှတ်ပုံတင်လျှောက်ထားရာတွင် ရက်ချိန်း မမှန်ခြင်း၊ ပိုက်ဆံအဆမတန် တောင်းခံခြင်းများအား အစိုးရမှ အောက်ခြေဌာနဝန်ထမ်းများထံသို့ ညွှန်ကြားစာများ ထုတ်ဆင့်ပေးပါရန် သိလိုခြင်းအား မေးမြန်းပါသည်။ | **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက** ဝန်ကြီးဌာနတစ်ခုလုံး ဆင့်ကဲဆင့်ကဲညွှန်ကြားထားပါကြောင်း၊ ကျေးသီးနှင့် မိုင်းကိုင်မြို့နယ်များတွင် စုံစမ်းရေးအဖွဲ့များ ဖွဲ့စည်းပြီးဝန်ထမ်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်သည့် ပြည်သူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့အား စစ်ဆေးခဲ့ရာ ဖြစ်စဉ်ပေါ်ပေါက်ခြင်းမရှိပါကြောင်းနှင့် ငွေကြေးပေးဆောင်ရပါက နစ်နာသူမှ တိုင်ကြားလာလျှင် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဦးအောင်ဇော်မိုး(ခ)အောင်ဇော်မိုးထွန်း၊ မူဆယ်မဲဆန္ဒနယ်က** မူဆယ်မြို့ဒေသခံများ တရုတ်နိုင်ငံရွှေလီမြို့သို့ ဝင်ရောက်ရန် နယ်စပ် ဖြတ်သန်းခွင့်လက်မှတ်(BP)စာအုပ် လျင်မြန်လွယ်ကူစွာရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက** (BP)စာအုပ်သည် လုံခြုံရေးနှင့်သက်ဆိုင်သည့် ကြီးကြပ်ကန့်သတ်ပစ္စည်းဖြစ်ပြီး ကုန်ကျစရိတ်အား နိုင်ငံတော်ဘဏ္ဍာဖြင့်သာ သယ်ယူခဲ့ပါကြောင်းနှင့် စာအုပ်အရေအတွက်တိုး၍ လားရှိုးမှတစ်ဆင့် တိုင်းစစ်ဌာနချုပ်ယာဉ်တန်းဖြင့် မူဆယ်သို့ ပေးပို့သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးကျော်မြင့်နိုင်၊ နောင်ချိုမဲဆန္ဒနယ်က** နောင်ချို၊ ကျောက်မဲ၊ သီပေါနှင့် လားရှိုးမြို့များတွင် အစိုးရစက်သုံးဆီ ခွဲဝေပေးမှုမရရှိခြင်းကြောင့် မြို့နယ်အသီးသီးသို့ စက်သုံးဆီခွဲဝေပေးမှု မည်သို့စီမံဆောင်ရွက်ထားသည်ကို မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက** နိုင်ငံတော်အရန်ဆီ အလုံအလောက်ရှိပါကြောင်းနှင့် သယ်ယူပို့ဆောင်ရန် လမ်းကြောင်းကောင်းမွန်ချိန်တွင် နောင်ချိုအပါအဝင် မြို့နယ်များရှိ စက်သုံးဆီအရောင်းဆိုင် (၈၆) ဆိုင်တို့အား စက်သုံးဆီခွဲတမ်း ပြန်လည်ခွင့်ပြုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၄။ | **ဦးကိုကိုသင်း၊ ကမာရွတ်မဲဆန္ဒနယ်က** စက်သုံးဆီပြတ်လပ်မှု မရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ခိုင်မာသောမဟာဗျူဟာမြောက် အရန်ဆီသိုလှောင်မှုစနစ်(Strategic Petroleum Reserve) ဖော်ဆောင်ရန်နှင့် တင်သွင်းဖြန့်ဖြူးမှုကွင်းဆက်ကို စနစ်တကျ ထိန်းကျောင်းပေးနိုင်သည့် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** စက်သုံးဆီ ပြတ်လပ်မှုမရှိစေရေးနှင့် ဖူလုံမှုရှိစေရေးတို့အတွက် စက်သုံးဆီဖြန့်ဖြူးမှု ကွင်းဆက်တစ်လျှောက် စနစ်တကျ စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားပါသည်။ |
| ၅။ | **စိုင်းစိန်ဝင်း၊ လဲချားမဲဆန္ဒနယ်က** ဒေသဆရာဝန်များပေါ်ထွန်းရန် ခရိုင်၊ မြို့နယ်အလိုက်ခွဲတမ်းဖြင့် ဆေးကျောင်းတက်နိုင်မည့် အခွင့်အလမ်းဖွင့်ပေးရန် မူဝါဒရေးဆွဲပေးရေး အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** ဒေသဆရာဝန်များ ပေါ်ထွန်းရန်အတွက် ခရိုင်၊ မြို့နယ်အလိုက် ခွဲတမ်းသတ်မှတ်၍ မရပါကြောင်းနှင့် ဝေးလံခက်ခဲသည့် ဒေသများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများကို မူလပုံမှန်ဝင်ခွင့်ပြု အနိမ့်ဆုံးရမှတ် အောက်လျှော့ပေါ့ပြီး အထူးကိစ္စရပ်အနေဖြင့် ဆေးတက္ကသိုလ်ဝင်ရောက်ခွင့်ပြုရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးဝင်းမြင့်မောင်၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်က** Grade 11 ENGLISH TEXTBOOK Unit 6 TRAVEL IN SOUTHEAST ASIA II 6 A Reading “Myanmar” Page 59 တွင် ဖော်ပြထားသည့် old pagodas အစား “ancient monuments” လို့ ပြင်ဆင်သင်ကြားပေးရန် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီနှင့် ဘာသာရပ်သင်ကြားရေးအဖွဲ့ ပညာရှင်ပါမောက္ခကြီးများမှ အလေးနက်ထား၍ ခိုင်လုံသောဝေါဟာရအသုံးအနှုန်းအရေအတွက်ကို လိုအပ်သလို စိစစ်တည်းဖြတ်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၇။ | **ဦးသက်ပုံ၊ စစ်ကိုင်းမဲဆန္ဒနယ်က** စစ်ကိုင်းမြို့နယ်ရှိ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် စာသင်ကျောင်းများ၌ ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်စံနှုန်းများနှင့် များစွာကွဲပြားနေကြောင်း တွေ့ရှိရသဖြင့် နိုင်ငံတော်က စီမံကြပ်မတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ ဆရာ၊ ကျောင်းသားစာရင်းများ မှန်ကန်မှုရှိစေရေး၊ ခွင့်ပြုအတန်း အဆင့်ထက် ကျော်လွန်သင်ကြားမှုမရှိစေရေးအတွက် လစဉ်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသားဝင်ဆံ့ဦးရေအရ ကျောင်းအပ်လက်ခံဆောင်ရွက်ရေး၊ စာသင်ခန်း၊ စာသင်ခုံနှင့် ဆရာအင်အား ပြည့်စုံလုံလောက်မှုရှိစေရေးစိစစ်၍ သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီအောင် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၈။ | **ဦးဝင်းမြင့်၊ အုတ်တွင်းမဲဆန္ဒနယ်က** အုတ်တွင်းမြို့နယ် အ.ထ.က (အုတ်တွင်း) ကျောင်းမှ (၄)ခန်းတွဲ (၃)ထပ် ကျောင်းဆောင်၊ ဇီးဖြူသောင်အုပ်စု၊ ပဲကြီးကုန်ကျေးရွာ(အခြေခံပညာ အလယ်တန်းကျောင်းခွဲ) ရှိ (၁)ထပ်ကျောင်းဆောင်နှင့် ဘန့်မွေးပင်ကျေးရွာ၊ မူလွန်ကျောင်း၊ (၁)ထပ်ကျောင်းဆောင်တို့အား တာဝန်ယူတည်ဆောက်ခဲ့သည့် တင်ဒါအောင်ကုမ္ပဏီတို့မှ ရပ်တန့်ထားသော လုပ်ငန်းဆောင်ရွက်မှုတို့အား မည်သည့်အချိန်တွင် ပြန်လည်စတင်ပေးမည်ကို မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** ကုမ္ပဏီများ၏ အားနည်းချက်ကြောင့် ပြန်လည်အပ်နှံထားသည့် ကျောင်းဆောင် ၃ ခုအား မြေပြင်တွင် အမှန်တကယ် ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ စိစစ်လျက်ရှိပြီး စီမံကိန်းတန်ဖိုးပြောင်းလဲ ဆောင်ရွက်ခွင့်ရရှိသည့် ကျောင်းဆောင်များအား သက်ဆိုင်ရာဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေရရှိရေးတင်ပြပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |